# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈- ခုနှစ်

ဇီးပင်ကွင်းအုပ်စု ၊ အုပ္ပံ(အရှေ့)ကျေးရွာ

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

<u>၁။ မြို့နယ်မြေပုံ</u>


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှဉ်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ရ ခိုင် ပြည် နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဇီးပင်ကွင်း ကျေးရွာ

၂။ ကရင်ကုန်း ကျေးရွာ

၃။ ပေကုန်းလေး ကျေးရွာ

၄။ နောကုန်း ကျေးရွာ

၅။ ပေကုန်းကြီး ကျေးရွာ

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု) ကျေးရွာ

**၈။ အုတ်ပုံ (အရှေ့စု) ကျေးရွာ**

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

အရှေ့အုပ္ပုံကျေးရွာသည် လယ်သမားများ တစ်အိမ်၊ နှစ်အိမ်စတည်ခဲ့ခြင်းက ဖြစ်ပေါ်လာခဲ့သည်။ အုပ္ပုံရွာမတည်ခင်က မြို့(သို့) ရွာအရင်တည်ခဲ့ဖူးသည်။ အဘယ်ကြောင့်ဆိုသော် အုတ်လမ်းများအုတ်ပုံများနှင့် ပတ်သက်၍ အသုံးအဆောင်များတွေ့ခဲ့သော အုတ်ခဲများမှာလည်း ယခုအချိန်အထိ ကောင်း မွန်ဆဲဖြစ်သည်။ ရှေးလက်ရာမြောက်သော ဆေးတံများကိုမြေကျင်းတူးရင်း ရရှိခဲ့သည်။ ထို့ကြောင့်ရွာ အမည်ကို အုပ္ပုံရွာဟုခေါ်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စုတွင် အရှေ့အုပ္ပုံရွာတည်ရှိသည်။ ကြံခင်းမြို့၏ အနောက်ဘက်တွင် တည်ရှိပြီး၊ ကြံခင်းမြို့နှင့်(၁၀) မိုင်ခန့်ကွာဝေးသည်။ ဘက်ရဲမြို့၏မြောက်ဘက်တွင်တည်ရှိပြီး၊ ဘက်ရဲမြို့နှင့်(၂)မိုင်ကွာဝေးသည်။ အရှေ့အုပ္ပုံရွာ၏ အရှေ့ဘက်တွင် ကြို့ကုန်းရွာ၊ အနောက်ဘက်တွင် အနောက်အုပ္ပုံရွာ၊ တောင်ဘက်တွင် ဘက်ရဲလမ်းနှင့်ဘက်ရဲမြို့၊ မြောက်ဘက်တွင် နောကုန်းကျေးရွာနှင့် ပေကုန်းလေးကျေးရွာ ရှိပါသည်။ ကျေးရွာများသို့ဆက်သွယ်သောလမ်းများမှာ ချောင်းကျောက်လမ်းများဖြင့် ဆက်သွယ်ထားသည်။

အရှေ့အုပ္ပုံကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ အရှေ့အုပ္ပုံကျေးရွာတွင် ကျေးရွာလူထုမှ ဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူငယ်ပရ ဟိတအဖွဲ့၊ လျှပ်စစ်မီးရရှိရေးအဖွဲ့များလည်း ရှိသည်။ ကျေးရွာ၏ အခြေအနေ၊ အချိန်အခါလိုအပ်ချက် ပေါ်မူတည်၍ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်သည်။

ကျေးရွာတွင်စာသင်ကျောင်းမရှိ၍ ဘက်ရဲသို့သွားရောက် ပညာသင်ကြားရသည်။ ကျန်းမာရေးအနေဖြင့်ဆေးပေးခန်းမရှိ၍ ဘက်ရဲသို့သွားရောက် ဆေးကုသခံယူကြရသည်။ အရှေ့အုပ္ပုံကျေးရွာတွင် ဗုဒ္ဓဘာသာ ဗမာလူမျိုးများဖြစ်ကြပြီး ဥပုသ်သီတင်းဆောက်တည်ရာတွင် ဘုန်းကြီးကျောင်းမရှိ၍ အုပ် စုတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် သွားရောက်ကုသိုလ်ယူကြသည်။

ကျေးရွာ၏လမ်းမှာ ရွာလမ်းမရှည် တစ်ခုတည်းသာဖြစ်သည်။ ထိုလမ်းသည် မိုးတွင်းအခါ မိုးရွာသွန်းမှုကြောင့်လမ်းများပျက်စီးတတ်သည်။ ကျေးရွာတွင် သောက်သုံးရေကို ကျောက်ရေတွင်း၊ တွင်းတိမ်လက်နှိပ်တွင်းများမှရရှိသည်။ နွေရာသီတွင် ရိုးချောင်းမှရေကို အသုံးပြုသည်။


အရှေ့အုပ္ပုံကျေးရွာတွင် နေထိုင်ကြသောရွာသူရွာသားများသည် လယ်ယာမြေပိုင်ရှင်များ ရှိသကဲ့သို့ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်နေကြသူ အများအပြားလည်းရှိသည်။ သို့သော်ကျေးရွာသူ၊ ကျေးရွာသားများသည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ အလှူအတန်းရက်ရောခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထများ စသည်တို့ဖြင့် ပြည့်စုံပြီး အေးချမ်းသာယာသော ကျေးရွာတစ်ရွာဖြစ်သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 25.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 18 | 26 | 44 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 25.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 18 | 26 | 44 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 25.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 18 | 26 | 44 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 25.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 18 | 26 | 44 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 25.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 18 | 26 | 44 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 25.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 18 | 26 | 44 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 25.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 18 | 26 | 44 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 25.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 18 | 26 | 44 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 25.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 18 | 26 | 44 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်**



လူမှုအရင်းအမြစ်ပြမြေပုံ

**<u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**

- အရှေ့အုပ္ပံ့ကျေးရွာသည် လယ်ယာမြေများ၊ ကိုင်းမြေများကို မှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြ သည်။
- အိမ်ခြေ-၆၅အိမ်ရှိပြီး အိမ်ခြေ-၂၉အိမ်မှာ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်ကိုင်ကြသူများဖြစ် သည်။
- ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ ကျောင်းမရှိသောကြောင့် ဘက်ရဲသို့သွားရောက်ပညာသင် ကြားရသည်။
- ကျေးရွာ၏လမ်းများမှာ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်တွင် ပြုပြင်ခဲ့၍ လမ်းပန်းဆက်သွယ်ရေး အသင့် အတင့်ကောင်းမွန်သည်။
- ကျေးရွာ၏သောက်သုံးရေနှင့် ပတ်သက်၍ အသင့်အတင့်ရှိသည်။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ
  - တစ်ရွာလုံးအိမ်တိုင်ရာရောက် ရေရရှိရန်
  - လျှပ်စစ်မီးလင်းရန်
  - အစည်းအဝေးခန်းမရှိရန်
  - စာကြည့်တိုက်ရှိရန်
- ဝင်ငွေတိုးလုပ်ငန်းများရှိရန် - အသေးစားချေးငွေလုပ်ငန်း
  - မွေးမြူရေးလုပ်ငန်း

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>**




<u>ရာသီခွင်ပြ ပြက္ခဒိန်</u>

**<u>ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

အရှေ့အုပ္ပုံကျေးရွာသည် လယ်ယာနှင့် ကိုင်းလုပ်ငန်းများကို အိမ်ခြေ-၃၆အိမ်သာ လုပ်ကိုင်ကြပြီး ကျန်-၂၉အိမ်မှာ လက်လုပ်လက်စားများဖြစ်ကြသည်။ ၎င်းလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးများသည် လုပ်အားခတန်းတူရရှိကြသည်။


ကျေးရွာ၏ရာသီဥတုအနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာရွာသွန်းပြီး အခြားလများတွင် ရာသီဥတုသာယာသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းကာလများတွင် ဖျားနာတတ်သည်။

အရှေ့အုပ္ပုံကျေးရွာတွင် ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တပို့တွဲလတွင် ထမင်းနဲပွဲတော်နှင့် တပေါင်းလတွင် အလှူပွဲတော်တို့ ပြုလုပ်ကြသည်။

ကျေးရွာ၏သောက်သုံးရေမှာ အသင့်အတင့်သာဖူလုံမှုရှိသည်။ ကျေးရွာတွင် စပါးများရိတ်သိမ်းပြီးချိန်နှင့် ပဲများရောင်းချချိန်တို့တွင် ဝင်ငွေပိုမိုရရှိပြီး အစားအသောက်ပိုမို ဖူလုံသည်။ အခြားကာလများတွင် ချိုးချန်ချွေတာစွာ စားသုံးကြရသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (ဂ) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



ဥစ္စာဓနကြွယ်ဝမှုဇယား

<ဒုတိယနှစ်စက်ဝန်း>

အုပ်စု - မီးပင်ကွင်း ကျေးရွာ - အရှေ့အုပ်ပု ပါဝင်ဆွေးနွေးသူ ကျား - ၁၀ ဦး မ - ၇ ဦး ရက်စွဲ - ၂၄.၁၂.၁၉

| အဆင့် | သတ်မှတ်ချက် | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | တိုက်ခံအုပ်မိုး အိမ်၊ လယ် ဧက (၂၀)၊ ကိုင်း (၃) ဧက၊ လယ်ထွန်စက်၊ ရေစုပ်စက်၊ မြေကျော့စက်၊ နွား (၆) ကောင်၊ ဆိုင်ကယ်၊ ဝမ်းစာဖူလုံမှု (၅) နှစ် ကျန်းမာရေး နှင့် ပတ်သက်၍ ရန်ကုန်အထိ လက်လှမ်းမှီပြီး၊ ပညာရေး နှင့် ပတ်သက်၍ ဘွဲ့ရသည်အထိလက်လှမ်းမှီသည်။ | ၁၁ | ၁၇ % |
| အသင့်အတင့် | သွပ်မိုး၊ ပျဉ်ထောင် ပျဉ်ခင်း အိမ်၊ လယ် (၆) ဧက၊ ရေစုပ်စက်၊ ဆိုင်ကယ်၊ နွား (၂) ကောင်၊ ဝမ်းစာဖူလုံမှု (၂) နှစ်စာရှိပြီး၊ ကျန်းမာရေး နှင့် ပတ်သက်၍ မြို့ပြည်အထိလက်လှမ်းမှီပြီး၊ ပညာရေး နှင့် ပတ်သက်၍ ဘွဲ့ရသည်အထိ လက်လှမ်းမှီသည်။ | ၂၅ | ၃၉ % |
| မပြေလည်သော အုပ်စု | သွပ်မိုး ထရံကာအိမ်၊ ကျပန်းလုပ်ကိုင်ပြီး၊ ဆိုင်ကယ်၊ နွား (၃) ကောင်၊ ကျန်းမာရေး နှင့် ပတ်သက်၍ ဘက်ရဲ /ကြခင်းအထိ လက်လှမ်းမှီပြီး ပညာရေး နှင့် ပတ်သက်၍ အထက်တန်း / ဘွဲ့ရသည်အထိ လက်လှမ်းမှီသည်။ | ၂၀ | ၃၁ % |
| နွမ်းပါးသောအုပ်စု | သက်ကယ်မိုး ဝါးအိမ်၊ ကျပန်းလုပ်ကိုင်၊ [illegible] မှီခိုသူများ [illegible] ဆွေမျိုးများ နည်းပါးခြင်း | ၈ | ၁၂ % |
| | စဉ်းကိုင်ရေးမှူး - ဒေါ်ထက်ထက်ဝင်း စုစုပေါင်း | ၆၄ | ၁၀၀% |

ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

## ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


အရှေ့အုပ်ပုံကျေးရွာသည် အိမ်ခြေ-၆၅အိမ် ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု- ၁၀ အိမ်၊ အသင့်အတင့် အိမ်ထောင်စု-၂၅အိမ်၊ မပြေလည်သောအိမ်ထောင်စု-၈အိမ် ရှိသည်။ နွမ်းပါးသောအိမ်ထောင်စုမှာ သက်ကြီးရွယ်အိုအိမ် ဖြစ်သည်။

ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသောအိမ်ထောင်စုများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်လုပ်ငန်းများကို အလေးထားစဉ်းစား ဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျှင် မိမိတို့ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ သာရေး၊ နာရေးလုပ်ငန်း များလည်းပိုမိုအဆင်ပြေနိုင်သည်။ ကျေးရွာတွင် အစည်းအဝေးခန်းမ အကောင်အထည်ဖော်ဆောင်ရွက်လျှင် ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>**




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**<u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


အရှေ့အုပ္ပံကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်အဖွဲ့၊ မီးကော်မတီအဖွဲ့၊ ကောက်စိုက်အဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးဆောင်၍ လုပ်ကိုင်နေကြသည်။

ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ကောက်စိုက်သမအဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းတို့တွင် ဦးဆောင်၍လုပ်ကိုင်နေကြသည်။ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့် ချိတ်ဆက်၍ ဆောင်ရွက်သည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့နှင့် လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လည်းကောင်း ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


## (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


အရှေ့အုပ္ပံကျေးရွာသည် လယ်ယာ၊ ကိုင်း၊ ဝါးခြံ၊ လမ်း၊ ရေတွင်း၊ စက်ဘီး တို့ကို အမျိုးသား၊ အမျိုးသမီးတို့ တူညီစွာထိန်းချုပ်ကြသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အပ်ချုပ်စက်၊ ဝက်၊ ကြက်၊ ဈေးဆိုင်တို့ကို အသုံးပြုထိန်းချုပ်ကြသည်။

ကျေးရွာရှိ အမျိုးသားများသည် လယ်ထွန်စက်၊ ခြွေလှေ့စက်၊ နွား၊ လှည်းတို့ကို အသုံးပြုရုံသာမက အိမ်၊ ခြွေလှေ့စက်၊ နွား၊ လှည်း၊ လယ်ထွန်စက်၊ ဆိုင်ကယ်တို့ကို ထိန်းချုပ်မှုတို့တွင်လည်း အမျိုးသားများကထိန်းချုပ်ကြသည်။

လူမှုရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ အစည်းအဝေးများတက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေး ခြင်း၊ ဆုံးဖြတ်ချက် ချခြင်း၊ အပြန်အလှန် တိုင်ပင် ဆွေးနွေးခြင်းတို့ဖြင့် အမျိုးသမီးများသည် အမျိုးသား များနှင့် တန်းတူညီတူ အခွင့်အရေး ညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


အရှေ့အုပ္ပံ့ကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကို အဓိကလုပ်ဆောင်နေပြီး အမျိုးသားများသည် အုပ်ချုပ်မှုပိုင်းတွင်ဦးဆောင်နေကြောင်း တွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုတွင် အမျိုးသားများက အမျိုးသမီးများထက်ပို၍ အခွင့်အလမ်းရှိပြီး ဝင်ငွေရှာဖွေနိုင်မှုတွင်လည်း အမျိုးသားများကပို၍ ရှာဖွေနိုင်ကြောင်း တွေ့ရသည်။


ကျေးရွာရှိ အရင်းအမြစ်များအပေါ် လက်လှမ်းမှီမှုတွင် အမျိုးသားများက အမျိုးသမီးများထက်ပို၍ လက်လှမ်းမှီကြသည်။ ပညာရေးလက်လှမ်းမှီမှုတွင်သာ အမျိုးသမီးများက အမျိုးသားများထက်အနည်းငယ် အားသာသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ပါဝင်မှုတွင် အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ ပါဝင်မှုရှိကြောင်းတွေ့ရသည်။

အရှေ့အုပ္ပံ့ကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေရပြီး အခြားအခွင့်အလမ်းများတွင် လက်လှမ်းမှီမှု အားနည်းကြောင်းတွေ့ရပြီး အမျိုးသားများသည် အမျိုးသမီးများမတွက် အခြားအခွင့်အလမ်းများအား လက်လှမ်းမှီနိုင်ရန် လက်တွဲခေါ်ယူလျှင် အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများတွင်သာမက အခြားအခွင့်အလမ်းများလည်းရရှိလာနိုင်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**





အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)**


အရှေ့အုပ္ပံကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ အဓိကအခက်အခဲ ပြဿနာမှာ ပညာဗဟုသုတနည်းပါးခြင်းအခက်အခဲ၊ ရေရှားပါးခြင်းအခက်အခဲ၊ ကျန်းမာရေးအခက်အခဲတို့ဖြစ်ကြသည်။


ကျေးရွာရှိ အမျိုးသမီးများ၏ အမျိုးသားများနှင့်မတူညီသော အခက်အခဲပြဿနာမှာ လျှပ်စစ်မီးလင်းရန် ငွေကြေးအခက်အခဲ၊ မီးဘေးအန္တရာယ်အခက်အခဲ တို့ဖြစ်သည်။ အမျိုးသားများ၏ မတူညီသောအခက်အခဲပြဿနာမှာ ပညာရေးနှင့် သာရေး၊ နာရေးအတွက် နေရာအခက်အခဲ၊ နည်းပညာအခက်အခဲ၊ ပြင်ပအဖွဲ့အစည်းများဝင်ရောက်မှုအားနည်းခြင်း အခက်အခဲတို့ဖြစ်ကြသည်။

အထက်ဖော်ပြပါ အခက်အခဲပြဿနာတို့မှာ အရှေ့အုပ္ပံကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောက်နှေးစေသော အခက်အခဲပြဿနာများဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>**




မျှော်မှန်းချက်များ

## ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


အရှေ့အုပ်ပုံကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏ မိမိတို့ကျေးရွာအတွက် တူညီသောမျှော်မှန်းချက်မှာ တစ်ရွာလုံးလျှပ်စစ်မီးလင်းရန်၊ စာကြည့်တိုက်ရှိရန်၊ မီးသတ်ကားရေကန်ရှိရန်၊ အိမ်တိုင်ရာရောက်ရေရရှိရန် နှင့် ဆေးပေးခန်းရှိရန်တို့ ဖြစ်ကြသည်။

ကျေးရွာရှိ အမျိုးသားများ၏ အမျိုးသမီးများနှင့် မတူညီသောမျှောမှန်းချက်မှာ အစည်းအဝေးခန်းမရှိရန်နှင့် မီးသတ်ကားရှိရန်တို့ဖြစ်သည်။

အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော မျှော်မှန်းချက်များဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(□) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>**




ဦးစားပေးလုပ်ငန်းများ

**ကျေးရွာဦးစားပေးလုပ်ငန်းများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

အရှေ့အုပ္ပံကျေးရွာတွင် အစည်းအဝေးတက်ရောက်လာကြသော အမျိုးသား၊ အမျိုးသမီးများမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြီး အဆိုပြုသော စီမံကိန်းလုပ်ငန်း -၂ခုကို ရွေးချယ်၍ မဲပေးခဲ့ကြသည်။

အစည်းအဝေးခန်းမ စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၂၈မဲ၊ အမျိုးသမီး-၂၄မဲ၊ စုစုပေါင်း-၅၂မဲ ဖြင့် ဦးစားပေးအဆင့်-၁ ကိုရရှိခဲ့သည်။

အရှေ့အုပ္ပံ-ရွာသစ် ချောင်းကျောက်ခင်းခြင်းစီမံကိန်း လုပ်ငန်းခွဲကို အမျိုးသား-၁၄မဲ၊ အမျိုးသမီး-၁၂မဲ၊ စုစုပေါင်း-၂၆မဲဖြင့် ဦးစားပေးအဆင့်-၂ ကိုရရှိခဲ့သည်။

အထက်ပါလုပ်ငန်း-၂ခုကို ကျေးရွာအုပ်စုရွေးချယ်ပွဲ၌ အစည်းအဝေးခန်းမ စီမံကိန်း လုပ်ငန်းခွဲ ကို ဦးစားပေးအဆင့်-၁ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## လူမှုဆန်းစစ်ခြင်း အနစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လူမှုဆန်းစစ်ခြင်း အနစ်ချုပ်ခြင်း



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



## ၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။ အုပ္ပံ (အရှေ့)**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၅-၉-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးအောင်ကိုမင်း | ၀၉၇၈၈၂၆၅၃၂၇ | |
| ၂ | | ဥက္ကဌ | ဒေါ်မြရွှေ | ၀၉၉၇၇၀၉၀၀၈၅ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်လွင် | ၀၉၇၆၆၀၈၀၈၇၁ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်သူဇာထွေး | ၀၉၂၅၄၆၇၇၆၅၉ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ခင်ချိုဝင်း | ၀၉၄၂၂၅၂၃၉၄၃ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးလေး | - | |
| ၇ | | အဖွဲ့ဝင် | ဦးချစ်မင်းဦး | ၀၉၄၂၅၆၆၀၀၄၄ | |
| ၈ | | အဖွဲ့ဝင် | ဒေါ်နှင်းယုဝေ | | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဖြူဖြူစိုး | ၀၉၂၆၄၀၆၀၄၁၆ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းမြင့် | ၀၉၇၈၈၂၁၈၈၀၁ | |
| ၁၁ | | အဖွဲ့ဝင် | ဦးအေးဝင်း | - | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်နီလာဝင်း | ၀၉၂၆၃၀၅၉၈၁၉ | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဌေးမောင် | ၀၉၇၉၆၈၆၃၆၃၇ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဆွေဆွေမိုး | ၀၉၉၆၀၉၇၁၅၁၈ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးပြုံးနောင် | ၀၉၄၅၈၇၀၅၂၉၃ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးခိုင်ဦး | ၀၉၄၂၁၇၁၅၁၂၉ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

## ၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဝင်းဇော် | ၀၉-451447629 | ဒေါ်ထက်ထက်လှိုင် |

| မြန်မာနယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ဦးပင်ကျွန်း | အချောင်ပြင် |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၇၀ | ဘာသာ (၁) ---ဗုဒ္ဓ----- | ၇၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၆၊ မ-၉ | | ၁၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၂၀၄ | ၉၆ | ၁၀၈ |
| လူမျိုးစု (၁)--ဗမာ- | ၉၆ | ၁၀၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၄ | ၁၆ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၃၀ မိနစ်-------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----ရေကြီးခြင်း------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------မီးစက်မတီအဖွဲ့-----

(၂) -----------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးဝင်း ဇော် | |
| | လက်မှတ် | နေ့စွဲ ၂၅.၉.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ဝက်ထက်လွင် | |
| | လက်မှတ် | နေ့စွဲ ၂၅.၉.၂၀၁၇ |

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



### ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝတ်ထက်လွင်

နေ့စွဲ ၂၅.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပင်ကွင်း | ကျေးရွာ ဒိုးဇရပ်ဘုန်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၉.၂၀၁၇ | ၂၅.၉.၂၀၁၇ | ၁၈ | ၂၆ | ၄၄ | ၄၄ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၉.၂၀၁၇ | ၂၅.၉.၂၀၁၇ | ၁၈ | ၂၆ | ၄၄ | ၄၄ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၁.၁၇ | ၁၄.၁၁.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၁.၁၇ | ၂၂.၁၁.၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင် |
| နေ့စွဲ ၂၅ • ၉ • ၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် ကြံခင်း / ကျေးရွာအုပ်စု မီးဗင်ကျွန်း / ကျေးရွာ - အရှေ့ဇွန် |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီသဖြင့်အတွက် ပညာရေး နှင့် ပညာရေး / ကျန်းမာရေးတို့တွင် အခက်အခဲရှိခြင်း | ၁ | လျှပ်စစ်မီး လင်းရန် ငွေကြေးအခက်အခဲ |
| ၂ | ပညာမတတ်သူများ နည်းပါးခြင်း | ၂ | မီးဖိုး ဈေးအဆင့်မြင့်အခက်အခဲ |
| ၃ | ရေရှားပါးသဖြင့်အခက်အခဲ | ၃ | ပညာမတတ်သူများ နည်းပါးခြင်းအခက်အခဲ |
| ၄ | နည်းပညာအခက်အခဲ | ၄ | သက်ကြီးရွယ်အိုများ ရေခပ်ရသည့်အခက်အခဲ |
| ၅ | ငွေကြေးအခက်အခဲ | ၅ | ကျန်းမာရေးအခက်အခဲ |
| ၆ | ပြင်ပအဖွဲ့အစည်းများဝင်ရောက်မှု အားနည်းခြင်း | ၆ | |
| ၇ | ကျန်းမာရေးအခက်အခဲ | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင်သည်။ | ၁ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင်သည်။ |
| ၂ | အိမ်တိုင်ရာရောက်ရေရရှိချင်သည်။ | ၂ | စာကြည့်တိုက်ရှိချင်သည်။ |
| ၃ | စာကြည့်တိုက်ရှိချင်သည်။ | ၃ | မီးသတ်ရေကန်ရှိချင်သည်။ |
| ၄ | ကျေးရွာမီးသတ်ကား ရှိချင်သည်။ | ၄ | အိမ်တိုင်ရာရောက်ရေရရှိချင်သည်။ |
| ၅ | ဆေးပေးခန်း ရှိချင်သည်။ | ၅ | ဆေးပေးခန်း ရှိချင်သည်။ |
| ၆ | အစည်းအဝေး ခန်းမရှိချင်သည်။ | ၆ | |
| ၇ | ရေလှောင်ကန်ရှိချင်သည်။ | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမ | အမျိုးသား<br>အမျိုးသမီး | ၇၀ သိန်း | ၂၀၄ |
| ၂ | အရှေ့ရပ်ကွက်သို့ သွားသော ကျောက်လမ်း | အမျိုးသား<br>အမျိုးသမီး | ၃၅ သိန်း | ၂၀၄ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မိုးသတ်တား | အမျိုးသား | |
| ၂ | ရိုက်သိမ်းခြေဝရှေ့ဖက် | အမျိုးသား<br>အမျိုးသမီး | |
| ၃ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၄ | အဝေးအား ငွေချေးကူပေါင်း | အမျိုးသမီး | |
| ၅ | ဈေးမြို့ရေးရှုပ်ပြင် | အမျိုးသမီး | |

ဉက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး အောင်ကိုမင်း ------ လက်မှတ် (signature) ------ နေ့စွဲ ၂၅-၉-၂၀၁၇

ဒေါ်မြရွှေ (signature)

## ၁၂။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုပြီ စီမံကိန်း စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | [illegible] | |
| နေ့စွဲ ၂၆.၁၀.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>[illegible] | မြို့နယ်<br>[illegible] | ကျေးရွာအုပ်စု<br>[illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ၈'x ၁'x၅' ([illegible]) [illegible] | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃၅၀၀၀၀၀ | | | ၃၅၀၀၀၀၀ |
| [illegible] | [illegible] | ၂၀'x၃၅' | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၇၀၀၀၀၀၀ | | | ၇၀၀၀၀၀၀ |
| [illegible] | [illegible] | ၂၅ [illegible] | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၀၀၀၀၀၀ | | ၁၅၀၀၀ ([illegible]) | ၅၀၁၅၀၀၀ |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလဂ္ဂ

အပိုင်း-၃ ၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် ကျောက်ချော် လမ်း | (၆၀၀၀'x၁၀' x၄") | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်ဝင်း၊ ခေါ်သာနိုင်ရှေး

လက်မှတ် ---------- ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ အရှေ့အုပ္ပံ့ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

အရှေ့အုပ္ပံ့ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၅.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

***********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | အစည်းအဝေးခန်းမ | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အရှေ့အုပ်စု-ရွာသစ် ချောင်းကျောက်လမ်း | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၃ | ရိတ်သိမ်းခြွေလှေ့စက် | ကျား မ | ၂၀၂၀ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၄ | စက်ချုပ်သင်တန်း | မ | ၂၀၂၁ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၅ | မွေးမြူရေးလုပ်ငန်း | မ | ၂၀၂၂ | ကျေးရွာလူထု | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| | ၆ | အသေးစားငွေချေးလုပ်ငန်း | ကျား မ | ၂၀၂၃ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၇ | မီးသတ်ကား | ကျား | ၂၀၂၄ | ကျေးရွာလူထု | မီးသတ်ဦးစီးဌာန |
| | | | | | | - |